## SHBPC Chinese Ministry 6th Thanksgiving Anniversary

## SHBPC တရုတ်သသနာ (၆) နှစ်မြောက် နှစ်ပတ်လည် ကျေးဇူးတော်ချီးမွမ်းခြင်း။

*"သင်တို့သည် ငါတို့သခင်ယေရှုခရစ်၏ခမည်းတော်တည်းဟူသော ဘုရားသခင်ကို တညီတညွတ် တည်းနှုတ်မြွတ်၍ ချီးမွမ်းစေခြင်းငှာ၊ ယေရှုခရစ်အလိုတော်အတိုင်းအချင်းချင်းစိတ် တစ်ညီတစ်ညွတ် တည်းရှိကြမည်အကြောင်း၊ သည်းခံခြင်း၊ သက်သာခြင်း၏အရှင်၊ ဘုရားသခင်သည် ကယ်မသနား တော်မူပါစေသော။ ခရစ်တော်သည် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေလျက်၊ သင်တို့ကိုလက်ခံ တော်မူသည်နည်းတူ၊ သင်တို့သည် တစ်ယောက်ကိုတစ်ယောက်လက်ခံကြလော့။"* (ရောမ ၁၅း၅-၇)

ယနေ့တွင် ဘုရားသခင်၏ အစိုးရတော်မူသောအလိုတော်အားဖြင့် ပံ့ပိုးပေးခဲ့သော SHBPC ၏အပတ်စဉ် တနင်္ဂနွေည အွန်လိုင်း တရုတ်မိတ်သဟာယ တွေ့ဆုံခြင်းများ၏ (၆) နှစ်မြောက် နှစ်ပတ် လည်နေ့ကို ကျွန်ုပ်တို့ အောက်မေ့သတိရပါသည်။ ဘုရားသခင်၏ ဘုန်းတော်အတွက် နှိမ့်ချသော အွန်လိုင်း တရုတ်သသနာငယ်တစ်ခုအဖြစ် ကျွန်ုပ်တို့အပေါ်ဘုရားသခင်၏ သစ္စာစောင့်သိမှုကို ပြန်လည်အောက်မေ့ရင်း သေးငယ်သော အစပြုမှုများ၏ နေ့ရက်များကို ဘယ်တော့အခါမှ မထီမဲ့မြင် မပြုပါနှင့်။ အစောပိုင်းနှစ်များတွင် ခက်ခဲကြမ်းတမ်းခဲ့ပြီး၊ ကပ်ရောဂါ ကာလအတွင်း ကြီးထွားမှု နှေးကွေးခဲ့သော်လည်း အဓိပ္ပာယ်ရှိသော ပြင်ပဆက်ဆံရေး၏ နောက်ထပ် စိတ်လှုပ်ရှားဖွယ်ကောင်း သော နှစ်တစ်နှစ်အတွက် ဘုရားသခင်ကို ကျွန်ုပ်တို့ ချီးမွမ်းပါသည်။

ဤသသနာသည် ၂၀၂၀ ခုနှစ်၊ ဧပြီလ တတိယအပတ် တနင်္ဂနွေနေ့မှာ စတင်ခဲ့ပြီး ကပ်ရောဂါကာလအတွင်း စင်ကာပူ၏ (circuit-breaker phase) ကို စတင်ခဲ့ပါသည်။ စင်ကာပူတွင် အလုပ်လုပ်ကိုင်နေသည့် တရုတ်ညီအစ်ကိုများထံ အဆက်အသွယ်လုပ်ဖို့ရန် ဝန်ထုပ်ဝန်ပိုးဖြစ်ခဲ့ပြီး၊ နောက်ပိုင်းတွင် ပြည်ပမှ ညီအစ်ကိုများထံ တိုးချဲ့သွားခဲ့ပါသည်။ ဤတည်ဆောက်မှုဆိုင်ရာ သသနာ ကို စတင်ထိန်းသိမ်းရန်နှင့် စောင့်ရှောက်ရန်ရှုပါရုံနှင့် ဖွဲလုံ့လ ပေးခဲ့သည့် ဘုရားသခင်၏ကျေးဇူးတော် နှင့် လမ်းပြပို့ဆောင်ပေးခြင်းအတွက် ကျွန်ုပ်တို့သည် ဘုရားသခင်အား ကျေးဇူးတင်ပါသည်။ ဤ သသနာသည် လူ (၄-၅) ယောက်လောက်ရှိသော အဖွဲ့ငယ်လေးကနေ တစ်ပတ်ကို (၁၅) ယောက် လောက်အထိ တိုးပွားလာခဲ့ပြီး၊ တစ်ခါတစ်ရံတွင် နိုင်ငံ (၃-၅) နိုင်ငံမှ သက်ဝင်လှုပ်ရှားပြီး၊ ပါဝင် ဆောင်ရွက်နေသည့် ပုံမှန်ညနေပိုင်း မိတ်သဟာယ တွေ့ဆုံခြင်း၌ (၂၀) အထိတောင် ပါဝင်ပါသည်။ ဘုရားသခင်သည် သူ၏ပဋိညာဉ်ပြုထားသည့် လူမျိုးများအား ကူညီထောက်ပံ့ပေးခဲ့ပါသည်။

ဘုရားသခင်၏ ကျေးဇူးတော်သည် ကျွန်ုပ်တို့အတွက် ပြည့်စုံလုံလောက်သောကြောင့် ကျေးဇူးတော်ကိုချီးမွမ်းပါသည်။ အသင်းတော်အပတ်စဉ်ဆောင်းပါးကို Bro Paul Kong သည် တရုတ်ဘာသာသို့ အပတ်စဉ် ပြန်ဆိုပြီး၊ ကျွန်တော်တို့၏ တရုတ်အဖွဲ့ထဲမှ လူအများသည် ဖတ်ကြပါသည်။

ခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် တရုတ်ညီအစ်ကိုများအကြား ခွန်အားရှိသော မိတ်သဟာယဖွဲ့ခြင်းနှင့် သမ္မာကျမ်းစာကို နက်နက်ရှိုင်းရှိုင်း လေ့လာခြင်းသည် ကျွန်ုပ်တို့၏အမွှာ ရည်မှန်းချက်များဖြစ်သည်။ ၎င်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့သည် အတူတကွ လေ့လာဆန်းစစ်သောအခါတွင်၊ တရုတ်ညီအစ်ကိုများအကြား နှုတ်ကပတ်တော်ကို ပိုမိုနက်ရှိုင်းစွာ အပြန်အလှန်လေ့လာခြင်းနှင့် အပြန်အလှန် မိတ်သဟာယဖွဲ့ခြင်းနှင့် ပိုမိုခိုင်မာသော နှောင်ကြိုးကို ဖြစ်ပေါ်စေပါသည်။ ကျွန်ုပ်တို့သည် Thirdmill သင်ယူမှုအရင်းအမြစ်များကို အသုံးပြုပြီး၊ ပြီးခဲ့သည့် နှစ်တွင် မဿဲ၊ မာကု၊ လုကာနှင့် ယောဟန်တို့၏ ခရစ်ဝင်ကျမ်းများ၊ တမန်တော်ဝတ္ထု၊ ယောရှုမှတ်စာနှင့် ကျွန်ုပ်တို့သည် ဆာလံကျမ်းမှ သင်ခန်းစာများအကြောင်း အခန်းကြီးတစ်ခန်းပြီး တစ်ခန်း ဟောပြောခဲ့ပါသည်။ ယခုနှစ်တွင် ကျွန်ုပ်တို့သည် ဟေဗြဲ ၁၁ မှ ယုံကြည်ခြင်း ရှိသူများကို လေ့လာပြီး ၁ နှင့် ၂ ဓမ္မရာဇဝင်ကျမ်း ကိုစတင်၍ Thirdmill သင်ခန်းစာများဖြင့် ဆက်လက်လုပ်ဆောင်သွားပါမည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သင်ကြားပေးရန် အခြားဟောပြောသူများကိုလည်း ရံဖန်ရံခါ ဖိတ်ကြားပါမည်။ အစည်းအဝေးတိုင်းတွင် ကျွန်ုပ်တို့၏ အသက်တာနှင့်ဆိုင်သော အသုံးချမှုများနှင့် လိုအပ်သည့်အခါတွင် သမ္မာကျမ်းစာနှင့် အယူဝါဒများကို နားလည်သဘောပေါက်မှုကို ရှင်းလင်းရန် အခွင့်အလမ်းများကို မျှဝေရန်၊ ဆွေးနွေးချိန်တစ်ခု ရှိပါမည်။

ဤတရုတ်ညနေခင်း မိတ်သဟာယ သဿနာတော်ကို နှုတ်ကပတ်တော်၏ ကောင်းမွန်သော သွန်သင်ခြင်းဖြင့် တရုတ်ညီအစ်ကိုများ၏နှလုံးသားထဲသို့ အသက်၏နှုတ်ကပတ်တော်နှင့် ဂိလဒ်၏ ဆေးရည်ကို ရောင်ခြည်ဖြာပေးသည့် မီးပြတိုက်တစ်ခုအဖြစ်၊ ဝိညာဉ်ရေးခိုလှုံရာနှင့် ကျွန်ုပ်တို့နေထိုင်သော ဤရှုပ်ထွေးပြီး၊ ကျဆုံးနေသောလောကတွင် ဘုရားသခင်ကို ချစ်မြတ်နိုးရန်နှင့် ဂုဏ်ပြုရန် အချင်းချင်းလှုံ့ဆော်ရန် ဝိညာဉ်ရေးရာခိုလှုံရာနှင့် အပြန်အလှန်တည်ဆောက်မှု၊ နှစ်သိမ့်မှုနှင့် အားပေးမှုနေရာတစ်ခုအဖြစ် အသုံးပြုရခြင်းအတွက် ဘုရားသခင်နှစ်သက်ပါစေ။

ဤတရုတ်သဿနာတွင်၊ ချီးမွမ်းခြင်းနှင့်ဝတ်ပြုခြင်း ဓမ္မသီချင်းများဖြင့် အစည်းအဝေးများကို ဦးဆောင်ရန်၊ ကျမ်းစာများကိုဖတ်ရှုရန်နှင့် အဖွဲ့လိုက်ဆွေးနွေးမှုကို အထောက်အကူပြုရန် ရင့်ကျက်သောတရုတ်ညီအစ်ကိုအချို့ကိုလည်း ကျွန်ုပ်တို့ပါဝင်စေပါသည်။ သူတို့သည် သူတို့၏ဘုရားသခင်ပေးသနားတော်မူသော ဆုကျေးဇူးများနှင့် အရည်အချင်းများကို ရှာဖွေတွေ့ရှိပြီး၊ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသုံးပြုရန် ကူညီပေးပါလိမ့်မည်။ ၁ ပေတရု ၄:၁၀၊၁၁ တွင် *"လူတိုင်း ဆုကျေးဇူးတော်ကို*

*အသီးသီး ခံရကြသည်နှင့်အညီ၊ ဘုရားသခင်၏အထူးထူးအပြားပြားသော ကျေးဇူးတော်ဘဏ္ဍာစိုးကောင်းကဲ့သို့၊ အချင်းချင်း ဝေငှပေးကမ်းကြလော့။ ဘုရားသခင်သည် အရာရာ၌ယေရှုခရစ်အားဖြင့် ဘုန်းတော် ထင်ရှားစေမည်အကြောင်း၊ ဟောပြောသောသူသည် ဘုရားသခင်၏ဗျာဒိတ်တော်နှင့်အညီ ဟောပြော စေ။ အခြားသောအမှုကို ဆောင်ရွက်သောသူသည်၊ ဘုရားသခင်ပေးသနားတော်မူသော အစွမ်းသတ္တိ အတိုင်း ဆောင်ရွက်စေ။ ထိုဘုရားသခင်သည် ကမ္ဘာအဆက်ဆက်ဘုန်းအသရေ အစွမ်းသတ္တိရှိတော် မူစေသတည်း။ အာမင်။”* (၁ ပေ ၄း ၁၀ -၁၁)

**နိဂုံး။**

အောက်တွင် ကျွန်ုပ်တို့၏ တရုတ်ညီအစ်ကိုများအားဖြင့် မိမိ၏သက်သေခံချက်များ၊ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ဝေငှခြင်းများကို ဖော်ပြထားသည်။ ခရစ်တော်မပါဘဲ ကျွန်ုပ်တို့ ဘာမှမလုပ်နိုင်သောကြောင့်၊ ဤတရုတ်သဿနာတော်အတွက် ဘုရားသခင်၏ အစိုးရတော်မူသောကျေးဇူးတော်နှင့် ခွန်အားကို ကျွန်ုပ်တို့ ကျေးဇူးတင်ရှိပါသည်။ ဤဧဝံဂေလိတရား လုပ်ငန်းတွင် ထာဝရဘုရား၏ ဝိညာဉ်တော်နှင့် ကိုယ်တော်၏လူများ၏ မိတ်ဖက်မှု လိုအပ်ပါသည်။ ဆာလံ ၁၂၇:၁ သည်ကျွန်ုပ်တို့အား သတိပေးပါသည်၊ *“ထာဝရဘုရားသည် အိမ်ကိုဆောက်တော်မမူလျှင်၊ ဆောက်သောသူတို့သည် အချည်းနှီးလုပ်ဆောင်ကြ၏။ ထာဝရဘုရားသည် မြို့ကိုစောင့်တော်မမူ လျှင်၊ ကင်းစောင့်တို့သည် အချည်းနှီးနိုးကြ၏”* ဟု ဖော်ပြထားပါသည်။

ကျွန်ုပ်တို့ တရုတ်ညီအစ်ကိုများ၏ ဝိညာဉ်များကို ဘုရားသခင်အား အသိပညာနှင့် ကြောက်ရွံ့ခြင်း၌ ဝိညာဉ်ရေးရာ ကြွယ်ဝစေရန်အတွက် ဤလုပ်ငန်းကို ဆက်လက်ဖွဲ့လုံ့လဖြင့် ဆက်လက်လုပ်ဆောင်နိုင်ရန် ဆုတောင်းကြပါစို့။ ပြိုင်ပွဲသည် မပြီးဆုံးသေးဘဲ သခင်ဘုရား၏ နီးကပ်လာသော ပြန်လည်ကြွလာခြင်းကို စောင့်မျှော်နေစဉ်၊ ခရစ်တော်၏သတိပေးခြင်းနှင့် မေတ္တာတော်၌ ဆက်လက်ကြီးထွားနေချိန်တွင် လုပ်ဆောင်ရန်များစွာ ကျန်ရှိနေပါသေးသည်။

**Rev. Dr. Jack Sin**

**Sovereign Hope BPC (Singapore)**

**ဘာသာပြန်သူ - Myitta**